# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]
# ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
# (၁၉၆၆ ခုနှစ်၊ စက်တဘ်ာလ ၄ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့အစည်းအားလုံး၏ ရငွေ အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။ (၁) ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ရှစ်ရာကုဋေအထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရ ငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေ တွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့်အတိုးကိုင်း၊ ကုန်ကျသည့် စရိတ်ငွေများကိုင်း၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ပေးရမည်။

၄။ ။ အောက်ပါဇယားတွင် ဖော်ပြရာပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဘဏ္ဍာရေး ကော်မီတီနှင့် တာဝန်ခံအသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖော်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ၊ ၁၉၆၇ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့အထိ ကာလ အတွင်းသုံးစွဲနိုင်သည်။

Myanmar Law Information System (MLIS)

| | တာဝန်ခံ | အသုံးစရိတ်အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ | ၅,၂၂,၀၃,၆၃၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စု၏အသုံး စရိတ်များ။ | ၁,၇၈,၈၇,၅၉,၂၄၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံး စရိတ်များ။ | ၂,၄၁,၃၃,၀၄၀ | နောက်ဆက်တွဲ ဇယား (ဂ)။ |
| ၄ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ အသုံး စရိတ်များ။ | ၁,၅၀,၂၉,၉၅၀ | နောက်ဆက်တွဲ ဇယား (ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ အသုံး စရိတ်များ။ | ၅၂,၀၄,၇၉၀ | နောက်ဆက်တွဲ ဇယား (င)။ |
| ၆ | ကော်သူးလေ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကော်သူးလေ၏ အသုံး စရိတ်များ။ | ၁,၁၆,၈၃,၉၇၀ | နောက်ဆက်တွဲ ဇယား (စ)။ |
| ၇ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေး ရှင်း၊ ကောင်စီ၊ ကော်မီ တီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ အသုံး စရိတ်များ။ | ၉,၉၆,၀၀,၇၅,၀၀၀ | နောက်ဆက်တွဲ ဇယား (ဆ)။ |
| ၈ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ | အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်း များ၏ အသုံးစရိတ် | ၇,၇၇,၀၅,၇၂၀ | နောက်ဆက်တွဲ ဇယား (ဇ)။ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| | ဘဏ္ဍာရေးဌာနတာဝန်ခံ။ | များ။ | | |

(ပုံ) ဗိုလ်နေဝင်း

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

အမိန့်အရ

(ပုံ) ဗိုလ်မှူးကြီးကိုကို

အတွင်းဝန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က) တော်လှန်ရေးကောင်စီ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ) ပြည်ထောင်စု၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲဇယား (ဂ) ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲဇယား (ဃ) ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲဇယား (င) ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲဇယား (စ) ကော်သူးလေ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲဇယား (ဆ) အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲဇယား (ဇ) အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း